
http://www.dhammadownload.com

သယကြွကြွ ဝိဝိုယသို့
စောင့်ရှောက်ရ
မိတ်ဆွေကောင်းရှိရ
အဝင်အထွက်မျှရ

ကြီးပွားချမ်းသာမယ်

သာမဏေကျော်



# ကြီးပွားချမ်းသာမယ်

## သာမဏေကျော်

(ဒုတိယအကြိမ်)

http://www.dhammadownload.com

# ကြီးပွားချမ်းသာမယ်

သာမဏေကျော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ● ၃၂၀၅၁၈၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၅၄၂၁၀၀၉

အုပ်ရေ ● ၂၀၀၀

တန်ဖိုး ● ၂၀၀

ပုံနှိပ်ခြင်း ● ၂၀၀၉-ခုနှစ်၊ ဒုတိယအကြိမ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ● ရွှေနိုင်ငံပုံနှိပ်တိုက်၊
ဦးမောင်မောင်လှ (မြ-၀၅၇၄၅)
အမှတ်(၉၀/စီ)၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးအောင်ကြည်(ခ)ဦးသစ်လွင်(၀၉၄၈)၊
ကံ့ကော်မြိုင်စာပေ၊ အမှတ်(၁၁၃)၊
ရွှေပြည်သာလမ်း၊ ဖ-ရပ်ကွက်၊ သာကေတ။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

## ဖြန့်ချိရေး

## သာမဏေကျော်စာပေ

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်(လှော်ကားဉယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၇၀၉၆၈၀

သာမဏေကျော် ၂၀၇
ကြီးပွားချမ်းသာမယ်/သာမဏေကျော် - ရန်ကုန်။
ကံ့ကော်မြိုင်စာပေ ၊ ၂ ကြိမ်၊ ၂၀၀၉။
၆၄ - စာ ၊ ၉.၁ x ၁၂.၅ စင်တီ။ (၁) ကြီးပွားချမ်းသာမယ်

http://www.dhammadownload.com

# မာတိကာ


၁။ သူဌေးလောင်းရဲ့ မိတ်ဆွေကောင်းနှစ်ဦး ၁

၂။ စီးပွားရေးအကွက် ၂

၃။ မွဲဆေး ၃

၄။ အာဠာဝကပုစ္ဆာ ၄

၅။ ဓနရှင် ၅

၆။ အကောင်းလေးခု ၆

၇။ ကြိုးကြာအို ၇

၈။ ကြွေး ၈

၉။ ပစ္စည်းနဲ့ အပျင်း ၈

၁၀။ အလုပ်ကို ရိုသေသူ ၉

၁၁။ ရန်သူတို့က ကြောက်လန့်သူ ၁၀

http://www.dhammadownload.com

၁၂။ ရှောင်ရမယ့် အရောင်း ၅ မျိုး ၁၀
၁၃။ မျိုးစေ့နဲ့ အသီး ၁၁
၁၄။ ကြီးပွားမယ့် ဈေးသည် ၁၂
၁၅။ ကျားသေ အသက်မသွင်းပါနဲ့ ၁၄
၁၆။ လူ ၃ မျိုး ၁၄
၁၇။ အရင်းအနှီး ၁၆
၁၈။ နှုတ်ချိုမှုရဲ့ စွမ်းအား ၁၇
၁၉။ ပစ္စည်းဥစ္စာရဲ့ အပြစ်နဲ့အကျိုး ၁၇
၂၀။ ကံ ၁၈
၂၁။ ဝမ်းသာနိုင်ကြပါစေ ၂၀
၂၂။ ပညာရှင်ရဲ့ ဆန္ဒ ၂၂
၂၃။ လုပ်ငန်းရှင်တို့ ဝတ္တရား ၂၃
၂၄။ ကြီးပွားချမ်းသာမယ် ၂၄
၂၅။ ကြာရှည်စွာ ပစ္စည်းပေါချင်ရင် ၂၈
၂၆။ ဘယ်သူသေသေ ၃၀

http://www.dhammadownload.com

၂၇။ အပြစ်ဒဏ်သင့် ၃၃
၂၈။ အသုံးချတတ်သူ ၃၄
၂၉။ ရယ်နေကြလေမလား ၃၅
၃၀။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ၃၇
၃၁။ အိုစာ မင်းစာ ၃၈
၃၂။ မြွေနဲ့ နွားလား ၃၉
၃၃။ ပညာမဲ့ ခနရှင် ၄၀
၃၄။ စည်းစိမ်ခွဲရံ ၄၁
၃၅။ နက္ခတ်နဲ့ လူမိုက် ၄၂
၃၆။ နာမည်နဲ့ အကျိုး ၄၃
၃၇။ လူနဲ့ စည်းစိမ် ၄၄
၃၈။ ဒေါသနဲ့ ဥစ္စာ ၄၄
၃၉။ ကြီးပွားကြောင်း ၆ ပါး ၄၅
၄၀။ ကြံကြံစမ်းပါ ၄၆
၄၁။ လက်မလျှော့ပါနဲ့ ၄၆

http://www.dhammadownload.com


၄၂။ ငါ့ကိုလည်း ပို့ပေးကြပါ ၄၇

၄၃။ အချိန် ၄၇

၄၄။ မလှည့်ပတ်ပါနဲ့ ၄၈

၄၅။ စူးစမ်းပါဦး ၄၈

၄၆။ ပျက်စီးချိန် ၄၉

၄၇။ အကောင်း ၄ ခု ၄၉

၄၈။ ယုံကြည်ခံရ၊ မခံရသူ ၅၀

၄၉။ စည်းစိမ်နဲ့ နောက်ဘဝ ၅၁

၅၀။ ပညာရှိ ၅၁

၅၁။ ရှောင်ရှားပါ ၅၂

၅၂။ မာန ၅၂

၅၃။ သီလနဲ့ စီးပွားဥစ္စာ ၅၃

၅၄။ သူဌေးဘဝမှ သူတောင်းစားဘဝသို့ ၅၄

http://www.dhammadownload.com

# သူဌေးလောင်းရဲ့ မိတ်ဆွေကောင်းနှစ်ဦး

စည်းစိမ်ဥစ္စာ စုဆောင်းသူဟာ ပျားကောင်နဲ့ ခြပမာ စုဆောင်းရပါတယ်။ ပျားကောင်ဟာ ပန်းဝတ်ရည်ကို စုပ်ယူရာမှာ ပန်းတွေရဲ့အဆင်းနဲ့ အနံ့ကို မထိခိုက်စေပါ။ နုတ်သီးနဲ့ရော အတောင်တွေနဲ့ပါ ဝတ်ရည်ကို စုပ်ယူပါတယ်။ တဖြည်းဖြည်းနဲ့ လှည်းဘီးလောက်ရှိတဲ့ ပျားအုံကြီးကို ပြုလုပ်တယ်။ ခြတွေဟာ တဖြည်းဖြည်း စုလို့ တောင်ပို့ကြီး ဖြစ်လာတယ်။ စီးပွားစုဆောင်းသူဟာလည်း မိမိရော သူတစ်ပါးကိုပါ မထိခိုက်စေဘဲ တရားနည်းလမ်းနဲ့အညီ စုဆောင်းရပါတယ်။ အဲဒီလို စုဆောင်းရင် စည်းစိမ်ဥစ္စာတွေ တိုးပွားလာပါမယ်။

(ပါထိကပါဠိ၊ ၁၅၃)

http://www.dhammadownload.com



## စီးပွားရေးအကွက်

အိမ်ရာတည်ထောင်တဲ့ လူဝတ်ကြောင်ဟာ စည်းစိမ်ဥစ္စာတွေကို စုဆောင်းပြီး ဥစ္စာတွေကို ၄ပုံ ပုံရပါတယ်။ စည်းစိမ်ဥစ္စာရှိသူဟာ မိတ်ဆွေတွေကို ပေါင်းသင်းဖွဲ့စည်းနိုင်ပါတယ်။

၁။ ၄ ပုံထဲက တစ်ပုံနဲ့ စည်းစိမ်ဥစ္စာတွေကို သုံးစွဲရပါတယ်။ (အဲဒီတစ်ပုံထဲက ယူပြီး ရှင်ရဟန်းတွေအား လှူစရာရှိက လှူရပါတယ်။ ဆင်းရဲသားတွေအား ပေးစရာရှိက ပေးရပါတယ်။ နတ် စသည်တွေကို ပူဇော်စရာရှိရင် ပူဇော်ရပါတယ်။ အလုပ်သမားတွေအား ရိက္ခာပေးရပါတယ်။)

၂။ ၂ ပုံနဲ့ လယ်ထွန်ခြင်း၊ အရောင်းအဝယ် လုပ်ခြင်း စတဲ့ စီးပွားရေးအလုပ်ကို လုပ်ရပါတယ်။

၃။ ၄ ခုမြောက်အစုအပုံကိုတော့ သိမ်းဆည်းထားရပါတယ်။ (လူတွေမှာ အမြဲတမ်း တစ်သမတ်တည်း

http://www.dhammadownload.com



စီးပွားရေး အဆင်ပြေနေတာ မရှိပါ။ တစ်ခါတစ်ရံ မီးဘေး၊ တစ်ခါတစ်ရံ ရေဘေး၊ တစ်ခါတစ်ရံ သူခိုးဘေး၊ တစ်ခါတစ်ရံ မင်းဆိုးဘေး၊ တစ်ခါတစ်ရံ သားသမီးဆိုးဘေး စတဲ့ ဘေးတွေ ကျရောက်လာတတ်ပါတယ်။ အဲဒီအခါမှာ သုံးဖို့ သိမ်းဆည်းထားရပါတယ်။ **(ပါထိကပါဠိ၊ ၁၅၃)**

## မွဲဆေး

၁။ သေရည်အရက် မူးယစ်ဆေးဝါးကို အထပ်ထပ် သုံးစွဲမှု။

၂။ အချိန်အခါမဲ့မှာ လမ်းခရီးအခါခါ သွားမှု။

၃။ ပွဲလမ်းသဘင်ကို သွားမှု။

၄။ ကြွေအန်ကစားခြင်း၊ အလောင်းအစားလုပ်ခြင်းကို အထပ်ထပ်လုပ်မှု။

http://www.dhammadownload.com



၅။ မိတ်ဆွေညံ့နဲ့ အကြိမ်ကြိမ် ပေါင်းသင်းမှု။

၆။ အပျင်းကြီးမှု။

အဲဒီ ၆ မျိုးဟာ ရှိပြီး စည်းစိမ်ဥစ္စာတွေကို ယုတ်လျော့ကုန်ခန်းသွားစေနိုင်ပါတယ်။ မရှိသေးတဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း ရှိမလာစေနိုင်ကြပါ။

(ပါထိကပါဠိ၊ ၁၄၈)

## အာဋ္ဌာဝကပုစ္ဆာ

၁။ ပစ္စည်းဥစ္စာကို ရစေနိုင်တဲ့ သင့်လျော်တဲ့ နည်းလမ်းကို ပြုလုပ်ခြင်း။

၂။ ကြိုးစားစိတ် ရှိရခြင်း၊ စိတ်အား မလျော့ချခြင်း။

၃။ ကိုယ်အားဖြင့် ကြိုးစားဆောင်ရွက်ခြင်း၊ ဇွဲ မပျော့ရခြင်း။

ဒီအချက်၃ မျိုး ရှိရင် အဲဒီသူဟာ စည်းစိမ်ကို ရရှိတယ်။ (သံယုတ်ပါဠိ၊ ပ၊ ၂၁၇)

http://www.dhammadownload.com



# ခနရှင်

၁။ ပျင်းရိခြင်း။ (ရပ်နေတဲ့နေရာမှာ ရပ်ပဲ ရပ်နေတယ်၊ ထိုင်တဲ့နေရာမှာ ထိုင်ပဲထိုင်နေတယ်။ ဆီထဲမှာ ကူး ခပ်ရင်တောင် မကြိုးစား)

၂။ မှေ့မှေ့လျော့လျော့ ရှိခြင်း။ (အိပ်ချင်လို့ လုပ်သင့်တာကို မလုပ်ခြင်း၊ ကိလေသာကြောင့် မလုပ်သင့်တာကို ပြုလုပ်ခြင်း)

၃။ အလုပ်လုပ်ရမယ့် အချိန်မှာ အလုပ်လုပ်ဖို့ မကြိုးစားခြင်း။

၄။ သီလ စောင့်စည်းမှု မရှိခြင်း၊ အကျင့်မကောင်းခြင်း။

၅။ အအိပ်ကြီးခြင်း။ (သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်းလည်း အိပ်တယ်။ လျောင်းနေရင်တော့ ပြောစရာ မရှိ)

၆။ အလွန်ဆာခြင်း စတဲ့ အကြောင်းကြောင့် ပျင်းရိငြီးငွေ့ခြင်း။

http://www.dhammadownload.com



ဒီအပြစ် ၆ ပါး ရှိသူမှာ ပစ္စည်းဥစ္စာ မတည်ရှိပါ။ ပစ္စည်းဥစ္စာ ချမ်းသာလိုသူဟာ အဲဒီ အပြစ် ၆ ပါးကို ရှောင်ရှားရပါတယ်။ စွန့်ပယ်ရပါတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၄၀)

## အကောင်းလေးခု

၁။ သင့်တော်တဲ့ အရပ်မှာ နေခြင်း။

၂။ လူကောင်းတွေကို မှီခိုရခြင်း။

၃။ ကိုယ့်ကိုယ်ကို (ကိုယ့်စိတ်ကို) ကောင်းအောင် ထားခြင်း။

၄။ ရှေးဘဝက ကောင်းမှု ပြုခဲ့ခြင်း၊

အဲဒီ ၄ မျိုးနဲ့ ပြည့်စုံတဲ့ နတ်လူတွေမှာ ဒီ ၄ မျိုးဟာ လည်ပတ်နေတယ်။ အဲဒီနတ်လူတွေမှာ မကြာခင်ဘဲ စီးပွားဥစ္စာတွေ များပြားလာတယ်။ စည်ပင်လာတယ်။

http://www.dhammadownload.com



အဲဒီ ၄ မျိုးရှိသူဟာ စပါး၊ ဥစ္စာပစ္စည်း၊ အခြေအရံ၊ အကျော်အစော၊ ချမ်းသာတွေကို ရရှိလာတယ်။

(အံပါဠိ၊ ပ၊ ၃၄၁)

## ကြိုးကြာအို

လူမိုက်တွေဟာ ငယ်ရွယ်စဉ် အကျင့်မြတ်ကို မကျင့်ဘဲ ဥစ္စာကို မရရှိဘဲ ငါးမရှိတော့တဲ့ ညွန်ထဲမှာ ကြိုးကြာအိုကြီးဟာ မှိုင်နေသလို မှိုင်နေကြတယ်။ လေးက လွတ်လာတဲ့မြားတွေဟာ ခြစာဖြစ်သလို သေမင်းရဲ့အစာ ဖြစ်ကြတယ်။ ရှေးက စားသောက်ခဲ့၊ ပျော်ခဲ့တာတွေကို တမ်းတညည်းတွားကာ ဝမ်းနည်းနေကြတယ်။

(ဓမ္မပဒပါဠိ၊ ၃၆)

http://www.dhammadownload.com



## ကြွေး

၁။ ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးတာ။
၂။ ကြွေးယူတာ။
၃။ အကြွေးတိုးပွားလာတာ။
၄။ ကြွေး အတောင်းခံရတာ။
၅။ ကြွေးရှင်က နောက်က တကောက်ကောက် အလိုက်ခံရတာ။
၆။ အနှောင်အဖွဲ့ အဖမ်းအဆီးခံရတာ။

အဲဒီခြောက်မျိုးဟာ ကာမခံစားသူ လူသားတွေ အဖို့ ဆင်းရဲတွေဖြစ်ပါတယ်။ (အံ၊ ပါဠိ၊ ဒု၊ ၃၀၉)

## ပစ္စည်းနဲ့ အပျင်း

လောကမှာ မြတ်နိုးဖွယ်ကောင်းပြီး ရဖို့ ခက်ခဲတဲ့ အရာ ၁၀ ခုထဲမှာ စည်းစိမ်ဥစ္စာပါတယ်။ အဲဒီ စည်းစိမ်ဥစ္စာရဲ့ ဘေးရန်က ပျင်းရိမှုပဲ။ (အံ၊ ပါဠိ၊ တ၊ ၃၆၄)

http://www.dhammadownload.com



# အလုပ်ကို ရိုသေသူ

ဈေးသည်ဟာ နံနက်ပိုင်းမှာ လုပ်ရမယ့်အလုပ်ကို ရိုရိုသေသေ လေးလေးစားစားနဲ့ လုပ်ရပါတယ်။ နေ့လယ်ပိုင်းမှာ လုပ်ရမယ့်အလုပ်ကို ရိုရိုသေသေ လေးလေးစားစား လုပ်ရပါတယ်။

လုပ်ရင် မရသေးတဲ့ စည်းစိမ်ဥစ္စာတွေကို ရနိုင်ပါတယ်။ ရပြီး စည်းစိမ်ဥစ္စာကိုလည်း တိုးပွားအောင် လုပ်နိုင်ပါတယ်။

အဲဒီလို ရိုရိုသေသေ လေးလေးစားစား မလုပ်ရင် မရသေးတဲ့စည်းစိမ်ဥစ္စာကို မရနိုင်ပါ။ ရပြီးစည်းစိမ်ဥစ္စာကိုလည်း တိုးပွားအောင် မလုပ်နိုင်ပါ။

(အံ၊ ပါဠိ၊ ၁၊ ၁၁၃)

http://www.dhammadownload.com



## ရန်သူတို့က ကြောက်လန့်သူ

ပစ္စည်းဥစ္စာကို ဖြစ်စေနိုင်တဲ့ ဉာဏ်၊ ဝီရိယအပြင် အကျင့်သီလ၊ ခန္တီနဲ့ပါ ပြည့်စုံသူဟာ မိတ်ဆွေတွေကို ချမ်းသာစေနိုင်ပါတယ်။ ရန်သူတွေကို ဆင်းရဲစေနိုင်ပါတယ်။ (ဇာတ်၊ ၄၊ ဒု၊ ၂၁၇)

## ရောင်းရမယ့် အရောင်း ၅ မျိုး

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူဟာ အောက်ပါအရောင်းတို့ကို မရောင်းရ။

(၁) လက်နက်ရောင်းမှု။ (ကိုယ်တိုင်လုပ်၍ ဖြစ်စေ၊ သူတစ်ပါးကို အလုပ်ခိုင်း၍ ဖြစ်စေ၊ သူတစ်ပါး လုပ်ပြီးသားကို ရ၍ဖြစ်စေ မရောင်းရ။ အကြောင်းမှာ သူတစ်ပါးကို နှိပ်စက်ကြောင်း ဖြစ်လို့ပါပဲ)

(၂) လူသတ္တဝါ ရောင်းမှု။ (ကျွန်ဖြစ်အောင် လုပ်ပေးလို့)

http://www.dhammadownload.com



(၃) ဝက်၊ သားကောင် စသည်တွေကို ဇမွှးမြူပြီး ရောင်းမှု၊ (သတ်ဖို့ အကြောင်းဖြစ်လို့)

(၄) မူးယစ်ဆေးဝါးရောင်းမှု။ (မေ့လျော့ကြောင်းဖြစ်လို့)

(၅) အဆိပ်ရောင်းမှု။ (သတ်ဖို့ အကြောင်းဖြစ်လို့)

ဒီရောင်းမှု အားလုံးကို ကိုယ်တိုင်လည်း မရောင်းရ၊ သူတစ်ပါးကိုလည်း အရောင်းမခိုင်းရ။

**(အံ၊ ပါဠိ၊ ဒု၊ ၁၈၃)**

## မျိုးစေ့နဲ့ အသီး

ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်။ မကောင်းတာ လုပ်ရင် မကောင်းကျိုးရတယ်။ ကိုယ် စိုက်တဲ့ မျိုးစေ့ရဲ့ အသီးကို စားရတာပါပဲ။ **(ဇာတ်၊ ဋ၊ ဒု၊ ၁၈၅)**

http://www.dhammadownload.com



# ကြီးပွားမယ့်ဈေးသည်

၁။ စီးပွားရေးပညာမျက်စိ ရှိခြင်း။
၂။ ဉာဏ်ပညာပါတဲ့ ကြိုးစားမှု ရှိရခြင်း။
၃။ အမှီကောင်း ရှိရခြင်း။

ဒီ ၃ မျိုးနဲ့ ပြည့်စုံတဲ့ ဈေးသည်မှာ စီးပွားဥစ္စာတွေ များပြားလာတယ်။ စည်ပင်လာတယ်။ စီးပွားရေးပညာ မျက်စိရှိတဲ့ ဈေးသည်ဟာ ရောင်းကုန်ရဲ့အခြေအနေကို သိတယ်။

'ဒီရောင်းကုန်ပစ္စည်းကို ဒီလောက်နဲ့ ဝယ်ထားရတယ်။ ဒီလောက်နဲ့ရောင်းရင် အရင်းကဒီလောက် ရှိလိမ့်မယ်။ အမြတ်က ဒီလောက် ရှိလိမ့်မယ်'

ဉာဏ်ပညာပါတဲ့ ကြိုးစားမှုရှိတဲ့ ဈေးသည်ဟာ ရောင်းကုန်ကို ဝယ်နည်း၊ ရောင်းနည်းမှာ ကျွမ်းကျင်တယ်။ ရလွယ်တဲ့နေရာကို သွားပြီး ဝယ်တယ်။ ရခဲတဲ့နေရာကို သွားရောင်းတယ်။ အဆတစ်ဆယ်၊ အဆနှစ်ဆယ်လည်း အမြတ်ရတယ်။

http://www.dhammadownload.com



ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ သူကြွယ်၊ သူကြွယ်သားတွေက ဈေးသည်ရဲ့အခြေအနေကို ဒီလိုသိကြတယ်။

'ဒီဈေးသည်ဟာ စီးပွားရေးပညာမျက်စိ ရှိတယ်၊ ဉာဏ်ပါတဲ့ ကြိုးစားမှုလည်း ရှိတယ်။ သားသမီး၊ ဇနီးကို ကျွေးမွေးနိုင်ဖို့ ကိုယ်အား၊ ဉာဏ်အားလည်း ရှိတယ်။ ငါတို့အားလည်း ယူထားတဲ့ ဥစ္စာရဲ့ အရင်းရော အတိုးပါ သင့်လျော်တဲ့ အချိန်မှာ ပေးနိုင်တဲ့ အင်အားလည်း ရှိတယ်'

အဲဒီ ကြွယ်ဝချမ်းသာတဲ့ သူကြွယ်၊ သူကြွယ်သားတွေက အဲဒီဈေးသည်ကို 'မိတ်ဆွေဈေးသည်၊ ငါတို့ထဲက ပစ္စည်းဥစ္စာတွေကို ယူဆောင်ပြီး သားသမီး၊ ဇနီးကိုလည်း ကျွေးမွေးပါ။ ငါတို့အားလည်း ယူထားတဲ့ ဥစ္စာရဲ့ အရင်းရော အတိုးပါ သင့်လျော်တဲ့အချိန်မှာ ပေးပါ' လို့ ပစ္စည်းဥစ္စာတွေနဲ့ ဖိတ်မံကြတယ်။ အဲဒီဈေးသည်ဟာ အမှီကောင်းရတဲ့ ဈေးသည်ပဲ။ **(အံ ပါဠိ၊ ၁၁၄)**

http://www.dhammadownload.com



# ကျားသေ အသက်မသွင်းပါနဲ့

ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့် မကောင်းသူကို ချီးမြှောက်ရင်၊ ပေါင်းသင်းရင် အဲဒီလူက ကိုယ့်ကို ဖျက်ဆီးတတ်ပါတယ်။ ဥပမာ - ကျားသေကို အသက် သွင်းသူဟာ အဲဒီကျားရဲ့အကိုက်ခံရပြီး သေရသလိုပါပဲ။

(ဇာတ်၊ ၄၊ ပ၊ ၅၃၇)

# လူ ၃ မျိုး

ဘုရားရှင်က လူတွေကို ၃ မျိုးအားဖြင့် ခွဲခြားပြထားပါတယ်။

၁။ စုံလုံးကန်းလူ။

၂။ တစ်ဖက်မြင်လူ။

၃။ နှစ်ဖက်မြင်လူ။

http://www.dhammadownload.com



စုံလုံးကန်းသူမှာ စီးပွားရေးပညာမျက်စိလည်း မရှိ၊ ကုသိုလ်ပြုတတ်တဲ့ ပညာမျက်စိလည်း မရှိ၊ မရသေးတဲ့ စည်းစိမ်ဥစ္စာကိုရအောင်၊ ရပြီး စည်းစိမ်ဥစ္စာကို တိုးပွားအောင် လုပ်တတ်တဲ့ စီးပွားရေးပညာမျက်စိလည်း မရှိ၊ ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိ၊ အပြစ်မဲ့၊ အယုတ်၊ အမြတ်၊ အမည်း၊ အဖြူတရားတွေကို သိတဲ့ ပညာမျက်စိလည်း မရှိ။

တစ်ဖက်မြင်လူမှာ စီးပွားရေးပညာမျက်စိတော့ ရှိတယ်။ ကုသိုလ်ရေးပညာမျက်စိလည်း မရှိ။

နှစ်ဖက်မြင်လူမှာ အဲဒီမျက်စိနှစ်လုံးလုံး ရှိတယ်။

စုံလုံးကန်းလူမှာ ဒီဘဝရော နောင်ဘဝပါ နှစ်ဖက် ရှုံးပါတယ်။ ဒီဘဝအကျိုး၊ နောင်ဘဝ အကျိုးတွေ ဆုံးရှုံးပါတယ်။

တစ်ဖက်မြင်လူမှာ တရားတဲ့နည်းနဲ့ရော၊ မတရားတဲ့ နည်းနဲ့ရော မရှိုးမသား ကောက်ကျစ်ကာ စီးပွားရှာတယ်။

http://www.dhammadownload.com



ခိုးတာ၊ ညာတာတွေ ပါတယ်။ စီးပွားရှာဖို့၊ စုဆောင်းဖို့ ကျွမ်းကျင်သူ အဲဒီတစ်ဖက်မြင်လူဟာ သေတော့ ငရဲရောက်ပြီး ပင်ပန်းဆင်းရဲရတယ်။

နှစ်ဖက်မြင်လူကတော့ တရားသဖြင့် စီးပွားတွေကို ကြိုးကြိုးစားစား ရှာဖွေတယ်။ အကြံကောင်းရှိတဲ့ နှစ်ဖက်မြင်လူက သူ့စီးပွားဥစ္စာတွေကို လှူတယ်။ သေတော့ နတ်ပြည်ရောက်ရတယ်။ **(အံ၊ ပါဠိ၊ ပ၊ ၁၂၆)**

## အရင်းအနှီး

ရောင်းဝယ်ရေး ကျွမ်းကျင်တဲ့ပညာရှင်ဟာ အရင်းအနှီး အနည်းငယ်ရရင်တောင် နည်းမျိုးစုံနဲ့ ကြိုးစားကာ ဥစ္စာကိုရော အခြေအရံကိုပါ တိုးပွားစေပါတယ်။ ထင်ရှားအောင် လုပ်နိုင်ပါတယ်။ ဥပမာ - အသိဉာဏ်ရှိသူဟာ မီးအနည်းငယ်ကို နွားချေးမှုန့် စသည်တွေကို ထည့်ကာ

http://www.dhammadownload.com



ပါးစပ်လေနဲ့မှုတ်ပြီး တိုးပွားစေသလိုပါပဲ။ မီးပုံကြီးဖြစ်မအောင် လုပ်သလိုပါပဲ။ (ဇာတ်၊ ၄၊ ပ၊ ၁၃၈)

## နှုတ်ချိုမှုရဲ့ စွမ်းအား

မြတ်နိုးဖွယ်စကားကိုသာ ပြောပါ။ မမြတ်နိုးဖွယ်စကားကို ဘယ်တော့မှ မပြောပါနဲ့။ မြတ်နိုးဖွယ်စကားကို ပြောသူရဲ့ ကြီးလေးတဲ့ဝန်ကို ဆောင်ရွက်ပေးတယ်။ ဥစ္စာများစွာ ရအောင်လည်း လုပ်ပေးပါတယ်။ ဒါကြောင့် နန္ဒိဝိသာလ နွားလားပိုင်ရှင် ပုဏ္ဏားဟာ ဝမ်းသာပျော်ရွှင်ရပါတယ်။ (ပါစိတ်၊ ၈)

## ပစ္စည်းဥစ္စာရဲ့ အပြစ်နဲ့အကျိုး

မီး၊ ရေ၊ မင်းဆိုး၊ သူခိုး၊ အမွေခံသားသမီးဆိုးဆိုတဲ့ ရန်သူငါးမျိုးနဲ့ စည်းစိမ်ဥစ္စာတွေဟာ ဆက်ဆံနေတယ်။ အဲဒါဟာ စည်းစိမ်ဥစ္စာတွေမှာ အပြစ်ငါးခုပဲ။

http://www.dhammadownload.com



ပစ္စည်းဥစ္စာတွေကို အမှီပြုပြီး မိမိ၊ မိဘ၊ သား၊ သမီး၊ ဇနီး၊ ကျွန်၊ အလုပ်သမား၊ မိတ်ဆွေအပေါင်းအသင်း ဆိုတဲ့ ပုဂ္ဂိုလ်တွေကို ချမ်းသာစေပါတယ်။ သမဏ၊ ဗြာဟ္မဏ၊ သူတော်ကောင်းတွေမှာ နတ်ပြည်ရောက်ကြောင်း ကောင်းမှု ပြုရတယ်။ အဲဒါဟာ စည်းစိမ်ဥစ္စာတွေမှာ အကျိုးငါးခု ပါပဲ။ (အံ၊ ပါဠိ၊ ဒု၊ ၂၂၆)

## ကံ

တချို့က သမဏ၊ ဗြာဟ္မဏသူတော်ကောင်းတွေကို 'ပစ္စည်းလေးပါးနဲ့ (ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးနဲ့) အလိုရှိက မိန့်တော်မူပါ' လို့ လျှောက်ထား ဖိတ်မံတယ်။ ဖိတ်မံထားတဲ့ပစ္စည်းကို လုံးဝမလှူ။ အဲဒီလူ သေလို့ လူ့ ဘဝရောက်ပြီး အရောင်းအဝယ်လုပ်ရင် သူအလိုရှိရာ မှန်သမျှ ပျက်စီးတယ်။

http://www.dhammadownload.com



တချို့က အဲဒီလို ဖိတ်မံပြီး အလိုရှိသလို မလှူနိုင်၊ လျော့ပြီးအနည်းငယ် လှူတယ်။ အဲဒီလူသေလို့ လူ့ဘဝ ရောက်ပြီး အရောင်းအဝယ်လုပ်ရင်သူ့အရောင်းအဝယ် ဟာ သူ့အလိုအတိုင်း မဖြစ်။

တချို့က အဲဒီလိုဖိတ်မံပြီး အလိုရှိသလောက်ပဲ လှူ တယ်။ အဲဒီလူ သေလို့ လူ့ဘဝရောက်ပြီး အရောင်းအဝယ် ဟာ သူ့အလိုအတိုင်း ဖြစ်တယ်။

တချို့က အဲဒီလို ဖိတ်မံပြီး ဖိတ်မံထားတာထက် အများကြီး ပိုလှူတယ်။ အဲဒီလူသေလို့ လူ့ဘဝရောက် ပြီး အရောင်းအဝယ်လုပ်ရင် သူ့အရောင်းအဝယ်ဟာ အလိုရှိတာထက် ပိုဖြစ်တယ်။

(အံ၊ ပါဠိ၊ ၁၊ ၃၉၃)

http://www.dhammadownload.com



# ဝမ်းသာနိုင်ကြပါစေ

ဘုရားရှင်ရဲ့ တပည့်ဖြစ်သူဟာ စည်းစိမ်ဥစ္စာတွေကို ကိုယ်ရောစိတ်ပါ ကြိုးကြိုးစားစားနဲ့ ရှာဖွေတယ်။ လက်မောင်းအား (လက်ရုံးအား) နဲ့ စုဆောင်းတယ်။ ချွေးတဒီးဒီး ကျရတယ်။ တရားနဲ့အညီ ကြိုးစားတယ်။ သူစရိုက် ၁၀ ပါးကို အကျိုးပျက်မခံ။ အဲဒီ စည်းစိမ်ဥစ္စာတွေနဲ့ မိမိ၊ မိဘ၊ သားသမီး၊ ဇနီး၊ ကျွန်၊ အလုပ်သမားတွေကို ချမ်းသာစေတယ်။ အဲဒါက စည်းစိမ်ဥစ္စာတွေထဲက ယူရမယ့် ပထမအကျိုးအမြတ်ပဲ။

အဲဒီစည်းစိမ်ဥစ္စာတွေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို ချမ်းသာစေတယ်။ အဲဒါက စည်းစိမ်ဥစ္စာတွေထဲက ယူရမယ့် ဒုတိယအကျိုးအမြတ်ပဲ။

အဲဒီ စည်းစိမ်ဥစ္စာတွေနဲ့ မီးဘေး၊ ရေဘေး၊ မင်းဆိုးဘေး၊ သူခိုးဘေး၊ အမွေခံသားသမီး ဆိုးဘေးတွေ ကျရောက်လာတဲ့အခါ ပိတ်ဆို့ရတယ်။ ကာကွယ်ရတယ်။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို ချမ်းသာအောင် လုပ်ရတယ်။ အဲဒါက တတိယအကျိုးအမြတ်ပဲ။

အဲဒီစည်းစိမ်ဥစ္စာတွေနဲ့ ဆွေမျိုး၊ ဧည့်သည်၊ တမလွန်က ဆွေမျိုး၊ ရှင်ဘုရင်၊ နတ်ဆိုတဲ့ ပုဂ္ဂိုလ်ငါးဦး တို့ကို သင့်သလိုပေးနိုင်တယ်။ ပူဇော်နိုင်တယ်။ အဲဒါက စတုတ္ထအကျိုးအမြတ်ပဲ။

အဲဒီစည်းစိမ်ဥစ္စာတွေနဲ့ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေမှာ နတ်ပြည်ရောက်ကြောင်း ကောင်းမှုပြုလုပ်နိုင်တယ်။ အဲဒါက ပဉ္စမအကျိုးအမြတ်ပဲ။

အဲဒီ အကျိုးအမြတ် ၅ မျိုးကို ရသွားတဲ့ ဘုရားတပည့်ဖြစ်သူမှာ ဥစ္စာတွေကုန်သွားပေမယ့် ယူသင့်တဲ့ အကျိုးအမြတ်တွေကို ရအောင်ယူလိုက်ရလို့ ဝမ်းမနည်း၊ နှလုံးမသာယာမှု မဖြစ်၊ ပစ္စည်းဥစ္စာတွေ တိုးပွားလာရင်တော့ အကျိုးအမြတ်ငါးမျိုးကို ရလို့လည်း ဝမ်းသာတယ်။ ပစ္စည်းဥစ္စာ တိုးပွားလို့လည်း ဝမ်းသာတယ်။

http://www.dhammadownload.com



အဲဒီလို ဘုရားတပည့်ဖြစ်သူကို ဒီဘဝမှာပဲ ပညာရှိသူတွေက ချီးမွမ်းကြတယ်။ နောက်ဘဝမှာ သူဟာ နတ်ပြည်ရောက်ကာ ဝမ်းမြောက်ရတယ်။

ဘုရားရှင်ဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူအခါ အနာထပိဏ်သူကြွယ်အား အထက်ပါ စကားတွေကို ဟောကြားတော်မူခဲ့ပါတယ်။

(အံ၊ ပါဠိ၊ ဒု၊ ၃၈)

## ပညာရှင်ရဲ့ဆန္ဒ

ပညာရှိဟာ ဒုက္ခရောက်နေရပေမယ့် သုခကို ရလိုတဲ့ ဆန္ဒကို မဖြတ်တောက်။

(ဇာတ်၊ ၄၊ စတုတ္ထ၊ ၂၇၀)

http://www.dhammadownload.com



# လုပ်ငန်းရှင်တို့ ဝတ္တရား

၁။ လူငယ်တွေ လုပ်ရမယ့်အလုပ်ကို လူကြီးတွေကို မလုပ်စေရ။ လူကြီးတွေလုပ်ရမယ့် အလုပ်ကို လူငယ်တွေ မလုပ်စေရ။ မိန်းမတွေလုပ်ရမယ့် အလုပ်ကို ယောကျ်ားတွေ မလုပ်စေရ။ ယောကျ်ားတွေ လုပ်ရမယ့်အလုပ်ကိုမိန်းမတွေမလုပ်စေရ။ အလုပ်လုပ်မယ့် ပုဂ္ဂိုလ်ရဲ့ အင်အားနဲ့လျော်အောင် အလုပ်လုပ်စေရခြင်း။

၂။ 'ဒီလူက သားငယ် ရှိသူပဲ။ ဒီလူက တစ်ယောက်တည်း နေသူပဲ' လို့ အလုပ်သမားရဲ့ အခြေအနေနဲ့ လျော်စွာ ထမင်းပေးရခြင်း၊ ရိက္ခာပေးရခြင်း။

၃။ အလုပ်သမားတွေ မကျန်းမာတဲ့အခါ အလုပ် မလုပ်စေဘဲ သင့်လျော်တဲ့ဆေး စသည်တို့ကို ပေးကာ ပြုစုရခြင်း။

http://www.dhammadownload.com



၄။ အစားအသောက် အကောင်းတွေကို ရတဲ့အခါ ကိုယ်တစ်ယောက်တည်း မစားသေးဘဲ အလုပ်သမားတွေကိုလည်း အဲဒီအစားအသောက်ကောင်း ဟွေထဲက ခွဲဝေပေးရခြင်း။

၅။ တစ်နေ့လုံး အလုပ်လုပ်ရလို့ ပင်ပန်းတဲ့အခါ အချိန်ကို သိကာ နားခွင့်ပေးရခြင်း၊ ပွဲလမ်းသဘင်ကြီးတွေ ရှိတဲ့အခါ စားသောက်စရာ၊ ဝတ်ဆင်စရာတို့ကို ပေးရခြင်း။ **(ပါထိက ပါဠိ၊ ၁၅၅)**

## ကြီးပွားချမ်းသာမယ်

၁။ ထထကြွကြွ ဝီရိယရှိရခြင်း။

၂။ စောင့်ရှောက်ရခြင်း။

၃။ မိတ်ဆွေကောင်းရှိရခြင်း။

၄။ အဝင်အထွက် မျှရခြင်း။

http://www.dhammadownload.com



ဒီ၄ပါးနဲ့ ပြည့်စုံရင် ဒီဘဝမှာ စီးပွားချမ်းသာဖို့ရာ ဖြစ်တယ်။

၁။ ထထကြွကြွ ဝီရိယရှိရမယ်ဆိုတာ စီးပွားရေးလုပ်ငန်းမှာ ကျွမ်းကျင်ရတယ်။ မပျင်းရဘူး။ စူးစမ်းရတယ်။ ကိုယ်တိုင်လုပ်နိုင်ရတယ်။ သူတစ်ပါးကို စီမံနိုင်ရတယ်။

၂။ တရားနဲ့အညီ ကြိုးကြိုးစားစား ရှာဖွေလို့ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေကို မင်းဆိုး၊ သူခိုး၊ မီး၊ ရေ၊ အမွေခံသားသမီးဆိုးတွေ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်ရတယ်။

၃။ မိမိနေရာ မြို့ရွာနိဂုံးတွေမှာ သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာနဲ့ ပြည့်စုံကြတဲ့ကြီးကြီးငယ်ငယ် သူကြွယ်၊သူကြွယ်သားတွေ ရှိမယ်။ အဲဒီလူတွေနဲ့အတူ စကားပြောရတယ်။ ဆွေးနွေးရတယ်။ သူတို့လို သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာရှိလာအောင် အတုလိုက်ကျင့်ရတယ်။ အဲဒါဟာ မိတ်ဆွေကောင်း ရှိတာပဲ။

http://www.dhammadownload.com



၄။ စည်းစိမ်ဥစ္စာတွေရဲ့အဝင်အထွက်ကိုသိပြီး အဝင်အထွက် မများစေရ။ ဥပမာ - ချိန်ခွင်ချိန်သူဟာ ချိန်ခွင်ကို မြှောက်လိုက်ပြီး ချိန်ခွင်လျှာဟာ ဒီလောက်အောက်ကျတယ်။ ဒီလောက် အပေါ်တက်တယ်လို့ သိရသလိုပါပဲ။

ဝင်ငွေနည်းပြီး ကြီးကြီးကျယ်ကျယ် အသက်မွေးရင် (အသုံးများရင်) သဖန်းသီးစားသူလို စည်းစိမ်ဥစ္စာတွေကို သုံးစွဲတယ်လို့ ပြောတတ်ကြတယ်။ သဖန်းသီးတွေကို စားလိုသူဟာ အသီးတွေမှည့်နေတဲ့ သဖန်းပင်ကို လှုပ်လိုက်တဲ့အခါ တစ်ကြိမ်လှုပ်လိုက်တာနဲ့ပဲ အသီးတွေ အများကြီး ကြွေကျတယ်။ စားကောင်းမယ့် အသီးတွေကို စားတယ်။ ကျန်တဲ့အသီးတွေ အများကြီးကို ထားခဲ့ပြီး သွားတယ်။ အဲဒီလူလိုပဲ အဝင်ထက် အထွက်များအောင် သုံးစွဲတယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



ဝင်ငွေများပြီး ဆင်းဆင်းရဲရဲ အသက်မွေးရင် ကိုးကွယ်ရာမဲ့သူလို သေရလိမ့်မယ်လို့ ပြောတတ်ကြတယ်။

၁။ မိန်းမ လိုက်စားတာ။ (ပွေတာ)

၂။ သေရည်၊ အရက်၊ မူးယစ်ဆေးဝါးသုံးစွဲတာ။

၃။ အလောင်းအစား လုပ်တာ။

၄။ မိတ်ဆွေညံ့နဲ့ ပေါင်းသင်းတာ။

အဲဒီ ၄ ခုဟာ ပစ္စည်းဥစ္စာ ထွက်ပေါက် ၄ ခုပဲ။

ဥပမာ - တစ်ဖက်ဆည်ကန်ကြီးမှာ ထွက်ပေါက်က ၄ခု၊ ဝင်ပေါက်က ၄ ခု ရှိတယ်။ ဝင်ပေါက်တွေကို ပိတ်ထားပြီး ထွက်ပေါက်တွေကို ဖွင့်ထားရင် မိုးကလည်း ကောင်းကောင်း မရွာရင် ရေ ကုန်သာ ကုန်သွားမယ်။ တိုးမလာနိုင်သလိုပါပဲ။

၁။ မိန်းမ မလိုက်စား။

၂။ သေရည်၊ အရက်၊ မူးယစ်ဆေးဝါး မသုံးစွဲ။

၃။ အလောင်းအစား မလုပ်။

http://www.dhammadownload.com



၄။ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းခြင်း။

အဲဒီ ၄ ခုဟာ ပစ္စည်းဥစ္စာ ဝင်ပေါက် ၄ ခုပဲ။

ဥပမာ - တစ်ဖက်ဆည်ကန်ကြီးမှာ ဝင်ပေါက်တွေကို ဖွင့်ထားပြီး ထွက်ပေါက်တွေကို ပိတ်ထားရင် မိုးကလည်း ကောင်းကောင်းရွာရင် ရေဟာ တိုးဖို့သာ ရှိတယ်၊ လျော့သွားဖို့ မရှိသလိုပါပဲ။

ကောလိယရဲ့သား ဒီဃဇာဏုနဲ့ ဉဇ္ဇယပုဏ္ဏားတို့က ဘုရားရှင်အား တောင်းပန်လျှောက်ထားလို့ ဘုရားရှင်က သူတို့အား အထက်ပါစကားတွေကို ဟောကြားတော်မူခဲ့ပါတယ်။ (အံ၊ ပါဠိ၊ ၈၊ ၁၀၇)

## ကြာရှည်စွာ ပစ္စည်းပေါချင်ရင်

စည်းစိမ်ဥစ္စာတွေ ပေါများနေစေဦးတော့ အောက်ပါ အချက် ၄ ပါးလုံးဖြစ်စေ၊ ၄ ပါးထဲက တစ်ပါးပါးဖြစ်စေ

http://www.dhammadownload.com



ရှိလာရင် အဲဒီစည်းစိမ်ဥစ္စာအားလုံးဟာ ကြာရှည်စွာ မတည်ရှိနိုင်ပါ။

အဲဒီအချက် ၄ ချက်ကို ဘုရားရှင်က ဒီလိုဟော တော်မူခဲ့ပါတယ်။

၁။ ပျောက်တာကို မရှာခြင်း။

၂။ အဟောင်းကို မပြုပြင်ခြင်း။

၃။ အစားအသောက်မှာ နိူင်းချိန်မှု မရှိခြင်း။

၄။ သီလမရှိတဲ့ ယောကျ်ားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ၊ ဘဏ္ဍာစိုးအရာမှာ ထားခြင်း။

ပေါများတဲ့ စည်းစိမ်ဥစ္စာတွေ ကြာရှည်စွာ တည်ရှိ စေချင်ရင်တော့ ပြောင်းပြန်အချက် ၄ ချက်ကို ဟော တော်မူခဲ့ပါတယ်။

၁။ ပျောက်တာကို ရှာခြင်း။

၂။ အဟောင်းကို ပြုပြင်ခြင်း။

၃။ အစားအသောက်မှာ နိူင်းချိန်မှု ရှိခြင်း။

http://www.dhammadownload.com



၄။ သီလရှိတဲ့ ယောကျ်ားကို ဖြစ်စေ၊ မိန်းမကိုဖြစ်စေ၊ ဘဏ္ဍာစိုး အရာမှာ ထားခြင်း။

(အံ၊ ပါဠိ၊ ပ၊ ၅၇၂)

## ဘယ်သူသေသေ

၁။ စီးပွားကို မတရားသဖြင့် နှိုင်ထက်စီးနင်းရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာအောင် မလုပ်။ မလှူ။ ကောင်းမှု မလုပ်။

၂။ မတရားသဖြင့် စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်။ မလှူ။ ကောင်းမှု မလုပ်။

၃။ မတရားသဖြင့် စီးပွားရှာတယ်၊ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်၊ လှူတယ်၊ ကောင်းမှုလုပ်တယ်။

၄။ တရားသဖြင့်ရော မတရားသဖြင့်ပါ စီးပွားရှာတယ်၊ ကိုယ်ကိုယ်ကို ချမ်းသာအောင် မလုပ်၊ မလှူ ကောင်းမှုမလုပ်။

http://www.dhammadownload.com



၅။ တရားသဖြင့်ရော မတရားသဖြင့်ပါ စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်။ မလှူ။ ကောင်းမှု မလုပ်။

၆။ တရားသဖြင့်ရော မတရားသဖြင့်ပါ စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်။ လှူတယ်။ ကောင်းမှုလုပ်တယ်။

၇။ တရားသဖြင့် စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို မချမ်းသာစေ။ မလှူ။ ကောင်းမှု မလုပ်။

၈။ တရားသဖြင့်စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်။ မလှူ။ ကောင်းမှုမလုပ်။

၉။ တရားသဖြင့် စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်။ လှူတယ်။ ကောင်းမှုလုပ်တယ်။ ပစ္စည်းကို တွယ်တာတယ်၊ မက်မောတယ်။ အပြစ် မမြင်။ ပညာနဲ့ မသုံးစွဲ။

http://www.dhammadownload.com



၁၀။ တရားသဖြင့် စီးပွားရှာတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာစေတယ်။ လှူတယ်။ ကောင်းမှုလုပ်တယ်။ ပစ္စည်းကို မတွယ်တာ၊ မမက်မော။ အပြစ်မြင်တယ်။ ပညာနဲ့ သုံးစွဲတယ်။

မတရားသဖြင့် စီးပွားရှာတာဟာ ကဲ့ရဲ့စရာ ဖြစ်တယ်။ တရားသဖြင့် စီးပွားရှာတာဟာ ချီးမွမ်းစရာ ဖြစ်တယ်။ ကိုယ့်ကိုယ်ကို ချမ်းသာအောင် မလုပ်တာဟာ ကဲ့ရဲ့စရာ ဖြစ်တယ်။ ကိုယ့်ကိုယ်ကို ချမ်းသာအောင် လုပ်တာဟာ ချီးမွမ်းစရာ ဖြစ်တယ်။ မလှူ ကောင်းမှုမလုပ်တာဟာ ကဲ့ရဲ့စရာ ဖြစ်တယ်။ လှူတာ၊ ကောင်းမှုလုပ်တာဟာ ချီးမွမ်းစရာ ဖြစ်တယ်။ ပစ္စည်းဥစ္စာကို တွယ်တာမက်မောတယ်။ အပြစ်မမြင်တာ၊ ပညာနဲ့ မသုံးစွဲတာဟာ ကဲ့ရဲ့စရာ ဖြစ်တယ်။ ပစ္စည်းဥစ္စာကို မတွယ်တာ၊ မမက်မောတာ၊ အပြစ်မြင်တာ၊ ပညာနဲ့သုံးစွဲတာဟာ ချီးမွမ်းစရာ ဖြစ်တယ်။

http://www.dhammadownload.com



နွားမမှ နို့ရည်၊ နို့ခမ်း၊ ဆီဦး၊ ထောပတ်၊ ထောပတ်အကြည်တို့ဖြစ်ရာ ထောပတ်အကြည်ဟာ အဲဒီ ၅ မျိုးထဲမှာ အသာဆုံး၊ အကောင်းဆုံးဖြစ်တယ်။

အထက်ပါပုဂ္ဂိုလ် ၁၀ ဦးထဲမှာ ၁၀ ယောက်မြောက်ဟာ အသာဆုံး အကောင်းဆုံး ဖြစ်တယ်။ ဘုရားရှင်က အနာထပိဏ်အား အထက်ပါစကားတွေကို မိန့်ကြားတော်မူခဲ့ပါတယ်။ **(အံ၊ ပါဠိ၊ တ၊ ၃၉၉)**

## အပြစ်ဒဏ်သင့်

မပြစ်မှားထိုက်သူတွေကို ပြစ်မှားရင် ခဲခဲယဉ်းယဉ်းနဲ့ ရထားတဲ့ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးသွားတတ်တယ်။
သူ့အိမ်မှာရှိတဲ့ စပါးက ပုပ်သွားတတ်တယ်။
ရွှေတွေက မီးကျီခဲ ဖြစ်သွားတတ်တယ်။
ပုလဲက ဝါစေ့ ဖြစ်သွားတတ်တယ်။

http://www.dhammadownload.com



ငွေအသပြာက အိုးခြမ်းကွဲ စသည် ဖြစ်သွားတတ်တယ်။

ခြေလေးချောင်း၊ ခြေနှစ်ချောင်းသတ္တဝါတွေဟာ ကန်းတာ၊ ကွေးကောက်တာ စသည် ဖြစ်သွားတတ်တယ်။ (ဓမ္မပဒ၊ ဌ၊ ဒု၊ ၄၅)

## အသုံးချတတ်သူ

လူမရောက်တဲ့နေရာမှာ ရေကန်ရှိတယ်။ ရေကြည်လင်တယ်။ အေးတယ်။ ချိုတယ်။ ရေလှိုင်းထတဲ့အခါ ဖြူတယ်။ ဆိပ်ကမ်း ကောင်းတယ်။ ပျော်စရာ ကောင်းတယ်။ အဲဒီရေကို လူတွေမခပ်ကြရ။ မသောက်ကြရ။ ရေမချိုးကြရ။ ရေနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ မလုပ်ကြရ။ အဲဒီရေဟာ အသုံးမဝင်ဘဲ ကုန်ခန်းသွားတယ်။

အဲဒီလိုပါပဲ။ လူညံ့ (မသူတော်) တွေဟာ ဥစ္စာအကောင်းစားတွေကို ရပြီး ကိုယ့်ကိုယ်ကိုရော ကိုယ့်

http://www.dhammadownload.com



မိဘ၊ ကိုယ့်သားသမီး၊ ဇနီး၊ ကျွန်၊ အလုပ်သမား၊ မိတ်ဆွေအပေါင်းအဖော်တွေကိုပါ ချမ်းသာအောင် မလုပ်။ သူတော်ကောင်း၊ သမဏ၊ ဗြာဟ္မဏတွေမှာ နတ်ပြည်ရောက်ကြောင်း အလှူမပေး။ မင်း၊ သူခိုး၊ မီး၊ ရေ၊ အမွေခံသားဆိုး၊ သမီးဆိုးတွေထဲက တစ်ခုခုက ဖျက်ဆီးတယ်။ အသုံးမဝင်ဘဲ ပျက်စီး ကုန်ခန်းသွားတယ်။

သူတော်ကောင်းတွေရဲ့ ပစ္စည်းတွေကတော့ ရွာ၊ နိဂုံးအနီးက အသုံးဝင်တဲ့ ရေကန်နဲ့တူတယ်။ ကိုယ့်အတွက်ရော၊ သူတစ်ပါးတွေအတွက်ပါ အသုံးဝင်တယ်။ ကောင်းမှုပြုတယ်။ ရန်သူမျိုးငါးပါး အဖျက်ဆီးမခံရ။

(သံယုတ်ပါဠိ၊ ပ၊ ၉၀)

## ရယ်နေကြလေမလား

'ငါ့ဟာ၊ ငါ့ဟာ' လို့ အော်မြည်တတ်လို့ မယှက အမည်ရတဲ့ ငှက်ကလေးဟာ တောင်ပေါ်၊ တောင်အပြင်၊

http://www.dhammadownload.com



ချောက်အရပ်တွေမှာ လှည့်လည်တယ်။ မှည့်နေတဲ့ ပိတ်ချင်းပင်ပေါ် တက်ကာ 'ငါ့ဟာ ငါ့ဟာ' လို့ အော်မြည်တယ်။

အဲဒီငှက်ကလေး အဲဒီလို အော်မြည်နေတုန်း ငှက်တွေ ရောက်လာကြတယ်။ ပိတ်ချင်းသီးကို စားပြီး သွားကြတယ်။ အဲဒီငှက်ကလေးကတော့ စားနေတဲ့ အဲဒီငှက်တွေကို တားမြစ်ဖို့ရာ 'ငါ့ဟာ ငါ့ဟာ' လို့ အော်မြည်နေဆဲပါပဲ။

အဲဒီလိုပါပဲ။ ဒီလူ့လောကမှာ တချို့လူဟာ ပစ္စည်းဥစ္စာတွေကို အများကြီး စုဆောင်းတယ်။ ကိုယ့်အတွက်ရော ဆွေမျိုးတွေအတွက်ပါ သုံးထိုက်တဲ့ အတိုင်းအတာနဲ့ မသုံး၊ မပေး။

အဲဒီလူဟာ အဝတ်၊ အစားအစာ၊ ပန်းနံ့သာ ဘာကိုမှ တစ်ကြိမ်တစ်ခါမှ မသုံးစွဲ၊ ဆွေမျိုးတွေကို မချီးမြှောက်၊ မထောက်ပံ့၊ မပေးကမ်း။

http://www.dhammadownload.com



အဲဒီလူဟာ ငါ့ဟာ ငါ့ဟာလို့ စောင့်ရှောက်ကာ အော်မြည်ရင်း မင်းတွေ၊ သူခိုးတွေ၊ အမွေခံသားဆိုး၊ သမီးဆိုးတွေက ပစ္စည်းဥစ္စာတွေကို ယူသွားကြတယ်။ အဲဒီလူကတော့ ငါ့ဟာ ငါ့ဟာလို့ အော်ဟစ်မြည်တမ်းနေဆဲပါပဲ။

ပညာရှိသူဟာ စည်းစိမ်ဥစ္စာတွေကို ရရှိပြီး ကိုယ်ထံလာတဲ့ မရှိနွမ်းပါးတဲ့ ဆွေမျိုးတွေကိုလည်း ချီးမြှောက်ထောက်ပံ့တယ်။ အဲဒီလူဟာ အဲဒီလိုထောက်ပံ့မှုကြောင့် ပရိသတ်အလယ်မှာ ထင်ရှားကျော်ကြားတယ်။ ချီးမွမ်းခံရတယ်။ နောက်ဘဝရောက်တော့ နတ်ပြည်မှာ ဝမ်းမြောက်ပျော်ရွှင်ရတယ်။ (ဇာတ်၊ ၄၊ တ၊ ၂၈၃)

## မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ

လူတွေမှာ အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်မှု ရှိလာရင် တရားသူကြီးထံသွားကြရပါတယ်။ အကြောင်းကတော့

http://www.dhammadownload.com



အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်မှုကို အဲဒီတရားသူကြီးက ပြေငြိမ်းအောင် လုပ်ပေးလို့ပါပဲ။ အငြင်းပွားကြ၊ ခိုက်ရန်ဖြစ်ကြသူတွေမှာ ပစ္စည်းဥစ္စာတွေလည်း ဆုံးရှုံးကြရတယ်။ မင်းဘဏ္ဍာကတော့ တိုးပွားသွားပါတယ်။

(ဇာတ်၊ ၄၊ တ၊ ၃၁၆)

## အိုစာ မင်းစာ

ငယ်ရွယ်နုပျိုနေစဉ်အခါက ကြိုးစားပြီး ဥစ္စာကို မစုဆောင်း၊ မရရှိခဲ့လို့ အသက်ကြီးလာတဲ့အခါ ပူပန်ဝမ်းနည်းရတယ်။ သူတစ်ပါးတွေ ချမ်းသာနေကြတာကို ကြည့်ပြီး ကိုယ့်မှာ ဆင်းဆင်းရဲရဲနဲ့ အသက်မွေးရတဲ့အခါ 'ရှေးတုန်းက ငါဟာ ဥစ္စာကို မရှာခဲ့လေခြင်း' လို့ တွေးကာ ပူပန်ရတယ်။ ဒါကြောင့် အသက်ကြီးတဲ့အခါ ချမ်းချမ်းသာသာ အသက်မွေးလိုသူတွေဟာ ငယ်ရွယ်စဉ်အချိန်မှာပဲ တရားနဲ့အညီဖြစ်တဲ့ လယ်ထွန်ခြင်း စတဲ့ အလုပ်တွေကို လုပ်ကာ ဥစ္စာကို ရှာဖွေထားကြရပါတယ်။

http://www.dhammadownload.com



ငယ်ရွယ်စဉ်အခါ ဆရာတွေထံ ချဉ်းကပ်ပြီး ငါဟာ ပြုလုပ်နိုင်တဲ့ ဆင်အတတ် စတဲ့ အတတ်ပညာတစ်ခုခုကို မသင်ခဲ့ရလေခြင်းလို့ တွေးကာ ပူပန်ရတယ်။ အသက်ကြီးတဲ့အခါ အတတ်ပညာမရှိသူမှာ အသက်မွေးရတာ ဆင်းရဲတယ်။ အသက်ကြီးမှ အတတ်ပညာကို သင်ယူဖို့ မတတ်နိုင်။ ဒါကြောင့် အသက်ကြီးတဲ့အခါ ချမ်းချမ်းသာသာ အသက်မွေးလိုသူဟာ ငယ်ရွယ်စဉ်အချိန်မှာပဲ အတတ်ပညာကို သင်ယူထားကြရပါတယ်။

(ဇာတ်၊ ၄၊ စတုတ္ထ၊ ၁၇၉)

## မြွေနဲ့ နွားလား

ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းမှု မရှိတဲ့ပညာမရှိသူ လူမိုက်ကို အခြွေအရံ၊ စည်းစိမ်ဥစ္စာတွေက စွန့်ခွာသွားကြပါတယ်။ ဥပမာ - မြွေဟာ အရေဟောင်းကို စက်ဆုပ်လို့ စွန့်သလိုပါပဲ။ မြွေဟာ အရေဟောင်းကို နောက်ထပ် ပြန်မကြည့်တော့သလိုပါပဲ။

http://www.dhammadownload.com



ကိုယ်၊ နှုတ်၊ စိတ်ကို ကောင်းကောင်းစောင့်စည်းပြီး အိပ်ရာထချိန်မှာ ထတဲ့ မပျင်းရိသူထံ စည်းစိမ်ဥစ္စာ အားလုံးဟာ ရှေ့ရှုရောက်လာကြတယ်။ တိုးပွားလာကြတယ်။ ဥပမာ - နွားလားဥသဘရှိတဲ့ နွားအပေါင်းဟာ တိုးပွားလာသလိုပါပဲ။ (ဇာတ်၊ ၄၊ ပဉ္စမ၊ ၁၀၄)

## ပညာမဲ့ ခနရှင်

စည်းစိမ်ဥစ္စာတွေဟာ ပညာမရှိသူကို ညှဉ်းပန်းနှိပ်စက်ကြတယ်။ပညာမရှိသူဟာ စည်းစိမ်ဥစ္စာတွေအပေါ် တွယ်တာမက်မောမှု တဏှာနဲ့ ကိုယ့်ကိုယ်ကိုပဲ ညှဉ်းဆဲနှိပ်စက်တယ်။ ဥပမာ - သူတစ်ပါးတွေကို နှိပ်စက်သလိုပါပဲ။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၃၅၅)

http://www.dhammadownload.com



# စည်းစိမ်ခြွေရံ

ခိုးခြင်းစတဲ့ အလုပ်ဟာ ဒီဘဝမှာရော နောက်ဘဝမှာပါ ညှဉ်းဆဲနှိပ်စက်တတ်တယ်။ ဒါကြောင့် ချမ်းသာဆိုတာ မရှိ။

မှန်တယ်။ စီးပွား ဆုတ်ယုတ်ပျက်စီးတဲ့အခါမှာ လယ်ထွန်ပြီး၊ အခစား အလုပ်လုပ်ပြီး အသက်မွေးတာဟာ တရားနဲ့ ယှဉ်တဲ့ အသက်မွေးခြင်းပါပဲ။

၁။ ကြိုးစားမှု

၂။ သတိ

၃။ အလုပ်စင်ကြယ်မှု

၄။ ကိစ္စအားလုံးကို ဉာဏ်နဲ့ ချင့်ချိန်ပြီးလုပ်မှု၊

၅။ ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်စည်းမှု၊

၆။ တရားသဖြင့် အသက်မွေးမှု၊

၇။ မမေ့မလျော့မှု

http://www.dhammadownload.com



ဒီ (၇) မျိုးရှိသူမှာ စည်းစိမ်ဥစ္စာ၊ အခြွေအရံပေါ လာတယ်။ ကောင်းသတင်း ကျော်စောလာတယ်။

(ဓမ္မပဒ၊ ၄၊ ပ၊ ၁၅၂)

## နက္ခတ်နဲ့ လူမိုက်

နက္ခတ်ကောင်းကို စောင့်မျှော်နေသူ လူမိုက်ကို ကောင်းကျိုးက ကျော်လွန်သွားတယ်။ ကိုယ်ရှာဖွေနေတဲ့ အကျိုးကိုရရင် အကျိုးအတွက် အဲဒါဟာ နက္ခတ်ကောင်း ပဲ။ ကောင်းကင်က ကြယ်တာရာနက္ခတ်တွေက ကိုယ့် အကျိုးကို ဘယ်မှာ ပြီးစီးအောင်မြင်အောင် လုပ်ပေးနိုင် ကြမှာလဲ။

(ဇာတ်၊ ၄၊ ပ၊ ၂၇၆)

http://www.dhammadownload.com



# နာမည်နဲ့ အကျိုး

မောင်သက်ရှင် အမည်ရှိ လူတစ်ယောက် သေနေတာကို တွေ့ရတယ်။

သူဌေးမလို့ အမည်ရှိတဲ့ မိန်းမတစ်ယောက် ဆင်းရဲမွဲတေနေတာကိုတွေ့ရတယ်။

လမ်းကျွမ်းကျင်သူ နာမည်ရှိတဲ့ လူတစ်ယောက် မျက်စိလည်နေတာကို တွေ့ရတယ်။

လူညံ့လူယုတ်မာလို့ နာမည်ရှိသူတစ်ယောက်ဟာ 'နာမည်ဆိုတာ ခေါ်ဝေါ်ရရုံမျှပဲ။ နာမည်ကြောင့် အကျိုးပြီးစီးမှုမရှိ' ဆိုတာကို သဘောပေါက်ပြီး ပြန်လာတယ်။

(ဇာတ်၊ ၠ၊ ပ၊ ၄၂၇)

http://www.dhammadownload.com



# လူနဲ့ စည်းစိမ်

စည်းစိမ်တွေကရင်လည်း သတ္တဝါတွေကို အရင် စွန့်ခွာကြတယ်။ သတ္တဝါတွေကရင်လည်း စည်းစိမ်တွေကို အရင်စွန့်ခွာကြတယ်။ စည်းစိမ်ရှိသူတွေဆိုတာ မမြဲကြ။

လဟာ ထွက်လာတယ်၊ ပြည့်တယ်၊ ကွယ်တယ်။ နေဟာ အမှောင်ခွင်းပြီး အလင်းဆောင်တယ်။ နေဝင်သွားတယ်။ အဲဒီလိုပါပဲ။ စည်းစိမ်တွေဟာ ဖြစ်တယ်၊ ပျက်တယ်၊ ငါဟာ လောကဓံတရားတွေကို သိနားလည်ထားတယ်။ (ဇာတ်၊ ပါဠိ၊ ပ၊ ၁၂၀)

# ဒေါသနဲ့ ဥစ္စာ

ကိုယ့်ရန်သူက ကိုယ်ဥစ္စာရှိတာကို သဘောမကျ၊ ဥစ္စာ မရှိပါစေနဲ့လို့ ရန်သူကတောင့်တတယ်။ ဒေါသ

http://www.dhammadownload.com



ဖြစ်လာရင် ကိုယ်ကြိုးကြိုးစားစား တရားသဖြင့် ရှာဖွေထားတဲ့ ဥစ္စာတွေဟာ ရှင်ဘုရင်ရဲ့ ဘဏ္ဍာတိုက်ထဲ ရောက်ကုန်တယ်။ (အံ၊ ပါဠိ၊ ၃၊ ၄၆၉)

## ကြီးပွားကြောင်း ၆ ပါး

၁။ ခန္ဓာကိုယ် ကျန်းမာမှု။
၂။ အကျင့်သီလ။ (လောကစာရိတ္တ)
၃။ ပညာရှင်တို့ရဲ့ အဆုံးအမ။
၄။ ကောင်းကျိုးပေးတဲ့ သုတ။
၅။ ကိုယ်၊ နှုတ်၊ စိတ်အကျင့်ကောင်းမှု။
၆။ စိတ်ဓာတ်မတွန့်ဆုတ်မှု၊ အောက်တန်းမကျမှု။

ဒီ၆ပါးဟာ လောကီလောကုတ္တရာ ကြီးပွားကြောင်းတွေပဲ။ (ဇာတ်၊ ၄၊ ပ၊ ၃၈၈)

http://www.dhammadownload.com



## ကြံကြစမ်းပါ

ဆင်းရဲနေသူဟာ 'ဘယ်လိုနည်းနဲ့ ဆင်းရဲက လွတ်အောင် လုပ်ရမလဲ' လို့ မကြံစည်ရင် ဆင်းရဲမှ လွတ်မြောက်ခြင်းဆိုတဲ့အကျိုးထူးကိုမရ။ ကြံစည်ခြင်း အလုပ်ရဲ့ အကျိုးကို ကြည့်စမ်းပါ။ ငါ (ငုံး) ဟာ ကြံစည်စဉ်းစားလို့ပဲ သေဘေးနဲ့ လှောင်အိမ်ဘေးမှ လွတ်ခဲ့တယ်။

(ဇာတ်၊ ၄၊ ပ၊ ၄၆၀)

## လက်မလျှော့ပါနဲ့

ကိုယ့်ကြိုးစားမှုနဲ့ လိုလားတောင့်တမှုကို ပြုကိုပြုရပါတယ်။ နည်းလမ်းမှာ ကျွမ်းကျင်တဲ့ သင့်လျော်ရာနေရာမှာ ကြိုးစားသူပညာရှိဟာ 'ငါဒီကြိုးစားမှုရဲ့ အကျိုးကိုရမှာ မဟုတ်ဘူး' လို့ လက်မလျှော့ရ၊ မငြီးငွေ့ရ။ ငါ

http://www.dhammadownload.com



(မဟာသီလဝမင်း) ဟာ ရှေးက ဖြစ်ချင်သလိုပဲ ဖြစ်နေတာ ကို ငါကိုယ်တွေ့ ဖြစ်တယ်။

(ဇာတ်၊ ၁၊ ပ၊ ၂၈၄)

## ငါ့ကိုလည်း ပို့ပေးကြပါ

ချစ်သားသုဝိရ၊ မကြိုးစားဘဲ ချမ်းသာတဲ့နေရာရှိရင် အဲဒီနေရာကို သင်ကိုယ်တိုင်လည်း သွားပါ။ သင့်ရဲ့ ဖခင်ဖြစ်တဲ့ ငါသိကြားမင်းကိုလည်း အဲဒီနေရာရောက်အောင် ပို့ပေးပါ။ (သံယုတ်ပါဠိ၊ ပ၊ ၂၁၉)

## အချိန်

ငါဟာ ကိုယ့်အကျိုး စီးပွားချမ်းသာကို လိုလားတယ် ဆိုပြီး ကြိုးစားဖို့ အချိန်မဟုတ်တဲ့အခါမှာ ကြိုးစား

http://www.dhammadownload.com



ရင် အဲဒီလူဟာ ပင်ပန်းရတယ်။ ဆင်းရဲရတယ်။ အကြီး အကျယ် ပျက်စီးရတယ်။ (ဇာတ်၊ ၅၊ ပ၊ ၂၇၃)

## မလှည့်ပတ်ပါနဲ့

ကောက်ကျစ်စဉ်းလဲ လှည့်ပတ်တဲ့ ပညာရှိသူဟာ အဲဒီ ကောက်ကျစ်စဉ်းလဲ လှည့်ပတ်မှုနဲ့ အမြဲတမ်း ချမ်းသာမှာ ပဲ မတည်နိုင်။ တကယ့်ကို ပျက်စီးရတာပါပဲ။ ကောက်ကျစ် စဉ်းလဲ လှည့်ပတ်မှုမှာ ကျွမ်းကျင်တဲ့ လူယုတ်မာဟာ သူ လုပ်တဲ့ မကောင်းမှုရဲ့ အကျိုးကို ရရှိခံစားရတာပါပဲ။

(ဇာတ်၊ ၅၊ ပ၊ ၂၄၀)

## စူးစမ်းပါဦး

အပြစ် မစူးစမ်း၊ မဆင်ခြင်ဘဲ အဆောတလျင် အလုပ်လုပ်ရင် အဲဒီအလုပ်တွေက ပူလောင်စေတတ်၊

http://www.dhammadownload.com



ပင်ပန်းစေတတ်ကြပါတယ်။ ဥပမာ - အေးသလား၊ ပူသလားဆိုတာကို မစူးစမ်းဘဲ သောက်လိုက်တဲ့ ရေနွေးပူပူဟာ ပူလောင်ပင်ပန်းစေတတ်သလိုပါပဲ။

(ဇာတ်၊ ဌ၊ ဒု၊ ၅)

## ပျက်စီးချိန်

သတ္တဝါတွေဟာ ပျက်စီးဖို့ အချိန်အခါရောက်လာရင် အန္တရာယ်တွေ့နေရပေမယ့်လည်း အန္တရာယ်မှန်း မသိရှာကြ။ (ဇာတ်၊ ဌ၊ ဒု၊ ၄၆)

## အကောင်း ၄ ခု

အိမ်ရာတည်ထောင်တဲ့ လူဝတ်ကြောင်တွေမှာ ပစ္စည်းဥစ္စာရဖို့အတွက် မပျင်းရိတာ၊ ကျွမ်းကျင်တာ ကောင်းတယ်။ ခဲခဲယဉ်းယဉ်း ရှာဖွေရရှိထားတဲ့ ပစ္စည်းဥစ္စာတွေ

http://www.dhammadownload.com



ကို တရားရှင် သူတော်ကောင်းတွေအား ခွဲဝေလှူဒါန်းတာ ဟာ ကောင်းတယ်။ အစိုးရမှု ကြီးကျယ်လာတဲ့အခါ သတိရှိပြီး မပလွှားတာဟာ ကောင်းတယ်။ ကိုယ့်မှာ အခြေ အရံတွေ ပျက်စီးသွားတဲ့အခါ မပင်ပန်းတာဟာ ကောင်း တယ်။ (ဇာတ်၊ ၄၊ တ၊ ၄၄၂)

# ယုံကြည်ခံရ၊ မခံရသူ

မတရားတဲ့အလေ့၊ မကောင်းတဲ့အကျင့်၊ ပျင်းရိမှု၊ ကြမ်းတမ်းမှုရှိသူအား ပညာရှိတွေက ကြွေးမပေးကြ။ အဲဒီလို လူထံမှ ကြွေးပြန်လာရိုး မရှိ။

ဥစ္စာရအောင် လုပ်ရာမှာ ကျွမ်းကျင်မှု၊ ကြိုးစားမှု၊ ကိုယ်ကျင့်သီလ၊ ပြောစကားနားလည်မှု ရှိသူကို ဥစ္စာရှင် တွေ ကိုယ်တိုင်ကပဲ ဥစ္စာတွေနဲ့ ဖိတ်မံကြတယ်။

(ဇာတ်၊ ၄၊ သတ္တမ၊ ၁၃၈)

http://www.dhammadownload.com



## စည်းစိမ်နဲ့ နောက်ဘဝ

စည်းစိမ်ဥစ္စာ ပျက်စီးလို့ သတ္တဝါတွေ ငရဲမရောက်ကြ။ သီလနဲ့ အယူမှန် ပျက်စီးရင် ငရဲရောက်ကြတယ်။

စည်းစိမ်ဥစ္စာ ပြည့်စုံလို့ သတ္တဝါတွေ နတ်ပြည်ကို မရောက်ကြ။ သီလနဲ့ အယူမှန် ပြည့်စုံရင် နတ်ပြည် ရောက်ကြတယ်။ **(အံ၊ ပါဠိ၊ ဒု၊ ၁၃၀)**

## ပညာရှိ

ပညာရှိဆိုတာ ကိုယ့်အတွက်ကြောင့်ရော၊ သူတစ်ပါး အတွက်ကြောင့်ပါ မကောင်းမှုကို မလုပ်။ သားသမီး၊ ပစ္စည်းဥစ္စာနိုင်ငံကို လိုချင်လို့လည်း မကောင်းမှုကိုမလုပ်။ ကိုယ့်မှာ ပြည့်စုံလို့လည်း မကောင်းမှုကို မလုပ်။ အဲဒီလို ပုဂ္ဂိုလ်သာ သီလရှိသူပဲ။ ပညာရှိသူပဲ။ တရားရှိသူပဲ။

**(ဓမ္မပဒပါဠိ၊ ၂၅)**

http://www.dhammadownload.com



## ရှောင်ရှားပါ

ကုန်သည်အဖော်မပါဘဲ ဥစ္စာအများကြီးရှိတဲ့ကုန်သည်ဟာ ဘေးရှိတဲ့ လမ်းကို ရှောင်ရှားရတယ်။ အသက်ရှင်လိုသူဟာ အဆိပ်ကိုရှောင်ရှားရတယ်။ ပညာရှိဟာ မကောင်းမှုတွေကို ရှောင်ရှားရတယ်။ (ဓမ္မပဒပါဠိ၊ ၃၁)

## မာန

ကျန်းမာရေး ပြည့်စုံမှု၊ အရွယ် ငယ်ရွယ်နုပျိုမှု၊ အသက်ရှင်မှုတို့ကြောင့် မာန်ယစ်ရင် မေ့လျော့မှု ဖြစ်တယ်။ မေ့လျော့ရင် သူ့အသက်သတ်ခြင်း စတဲ့ မကောင်းမှုတွေကို လုပ်တယ်။ အဲဒီအခါ သူ့ကို ရှင်ဘုရင်တွေက ဖြတ်တောက်ခိုင်းကြတယ်။ အသတ်ခိုင်းကြတယ်။ သူ့ဥစ္စာကို အားလုံးကို သိမ်းယူကြတယ်၊ သူ့ မှာ မေ့လျော့မှုကြောင့် ဆွေမျိုးတွေ ကုန်တယ်။ ဥစ္စာတွေ ကုန်တယ်။ အသက်

http://www.dhammadownload.com



သေရတယ်။ နောက်ထပ် သူဟာ ဥစ္စာတွေ၊ အခြွေအရံ တွေ ကုန်သွားလို့ အသက်မမွေးနိုင်တဲ့အတွက် အသက် မွေးဖို့ရာ ဒုစရိုက် ၁၀ ပါးကို ပြုလုပ်ပါတော့တယ်။ သူ့မှာ အပြစ်တွေ ဖြစ်လာပါတော့တယ်။

(ဇာတ်၊ ၄၊ ပဥ္စမ၊ ၁၀၄၊ ၁၀၅)

## သီလနဲ့ စီးပွားဥစ္စာ

သီလမရှိသူ၊ သီလကျိုးပျက်သူဟာ မေ့လျော့မှု ကြောင့် စည်းစိမ်ဥစ္စာ အကြီးအကျယ် ဆုံးရှုံးရတယ်။

သီလရှိသူဟာ မမေ့မလျော့မှုကြောင့် စည်းစိမ်ဥစ္စာ အကြီးအကျယ် ရတယ်။ (အံ၊ ပါဠိ၊ ဒု၊ ၂၂၁)

http://www.dhammadownload.com



# သူဌေးဘဝမှ သူတောင်းစားဘဝသို့

ပညာမရှိသူဟာ ပစ္စည်းဥစ္စာကို ရပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ သုံးစွဲရင် နောင်အခါမှာ ပူပန်ရတယ်။ ဥပမာ အိုးကို ခွဲလိုက်တဲ့ အရက်သမားလိုပါပဲ။

(ဇာတ်၊ ၄၊ ဒု၊ ၃၈၉)

သာမဏေကျော်
သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
လှော်ကားဥယျာဉ်အနီး
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက်၊
၁၃၆၇-ခုနှစ်။
၂၇-၁၀-၂၀၀၅

http://www.dhammadownload.com

# သာမဏေကျော်စာပေက ထုတ်ဝေခဲ့သည့်
# ဆရာတော် သာမဏေကျော်၏
# စာအုပ်များ

၁။ ကြီးပွားချမ်းသာမယ်

၂။ ဆွမ်းအလှူ

၃။ ကျောင်းအလှူ

၄။ ဗုဒ္ဓသမီးထံသို့

၅။ ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်)

၆။ ကိုရင်ဝတ်ပြီးရင်

၇။ ဗုဒ္ဓ၏တစ်နေ့တာလုပ်ငန်းစဉ်

၈။ တောင်ကိုရီးယားသို့ ဝိပဿနာခရီး

၉။ ကိုရင်လေးတို့ဖတ်ဖို့

၁၀။ ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ (ဒုတိယအကြိမ်)

၁၁။ တရားဘယ်လိုရှုမှတ်ရမလဲ (ဒုတိယအကြိမ်)

http://www.dhammadownload.com

၁၂။ ဗုဒ္ဓသာသနာကွယ်ချိန်

၁၃။ ဗုဒ္ဓပေးခဲ့တဲ့ ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်)

၁၄။ အတုယူဖွယ်ရာစိတ်ထားများ (ဒုတိယအကြိမ်)

၁၅။ ပန်းလေးတစ်ပွင့်

၁၆။ ကျောင်းသစ်၏အရုဏ်ဦး

၁၇။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့လိုသည့် (ဒုတိယအကြိမ်)

၁၈။ ရဟန်းနှင့်စည်းကမ်း

၁၉။ အိတ်ဆောင်ဝိပဿနာ

၂၀။ လက်စွဲဝိပဿနာ

၂၁။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး

၂၂။ ဘုရားဂုဏ်တော်နှင့်မဟာစည်ဆရာတော်

၂၃။ သောကမီးအတွက်ရေ (ဒုတိယအကြိမ်)

၂၄။ ရွှေလားအမှိုက်လား

၂၅။ လူ့လက်စွဲ

၂၆။ ဗုဒ္ဓသော်မှ

၂၇။ ယောဂီအားလျော့နေသလား

၂၈။ ကြီးပွားချမ်းသာမယ်

http://www.dhammadownload.com

■ ဆက်လက်ထုတ်ဝေမည့် ■

## ဆရာတော်သာမဏောကျော် ၏ စာအုပ်များ

၁။ ယောဂီ

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၁၈၀၉၀၈